


VOLUME IV, ISSUE 4

6 September 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် | ၁ |
| ၂ | (၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက် | ၅ |
| ၃ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ | ၆ |
| ၄ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး "Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် | ၁၀ |
| ၅ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၁၁ |
| ၆ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ | ၁၂ |
| ၇ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ | ၁၆ |
| ၉ | အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘရစ်ခရီးစဉ် စတင်ပျံသန်းခြင်း အခမ်းအနားကျင်းပ | ၁၇ |
| ၁၀ | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး | ၁၈ |
| ၁၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီရှစ်ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး | ၁၉ |
| ၁၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက် | ၂၀ |
| ၁၃ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၂၃ |
| ၁၄ | မူဆယ်မြို့ နယ်စပ်လူဝင်ထွက်ဂိတ်များမှ တရားဝင် ၇ ရက် နေထိုင်သွားလာခွင့် နှစ်နိုင်ငံဝင်ထွက်ကတ် (တစ်ခါသုံးကတ်) များဖြင့် စတင်ဝင်ထွက်သွားရောက်နိုင် | ၂၄ |
| ၁၅ | လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ဆက်စပ်ပစ္စည်းများကို ဈေးကွက်အတွင်း တင်သွင်းဖြန့်ချိလျက်ရှိ | ၂၅ |
| ၁၆ | ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၇ |
| ၁၇ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်






၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာလ ၅ ရက်တွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၃)အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင် (၃) ရပ်ကို ဟန်ချက်ညီညီ ထိန်းညှိပေးကာ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိကကဏ္ဍတွင် ပါဝင်နေကြောင်း။
- မိုးလေဝသခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟုသိရှိရကြောင်း၊ ယခင်အတွေ့အကြုံများအရ မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ပူပြင်းခြောက်သွေ့ဒဏ်ခံနိုင်မှုရှိစေရေးနှင့် ရေပြတ်လပ်မှုမရှိစေရေး ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်သွားကြရန် လိုအပ်ကြောင်း။
- ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်း



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးနေမှု**

သိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြေစေရေးအတွက် စိုက်ပျိုးထားရှိသည့် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သစ်ပင်များ စဉ်ဆက်မပြတ်ရှင်သန်ဖြစ်ထွန်းစေရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်း စိမ်းလန်းစိုပြေမှုရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့် သစ်မျိုးများအပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ပင်ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုး တည်ထောင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- မိုးလေဝသခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟုသိရှိရ။
- ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်သွားကြရန်လို။
- ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့် သစ်မျိုးများအပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ပင်ကို စိုက်ပျိုးခဲ့ပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း စိုက်ပျိုးထားသည့်အပင်များကို ကြည့်ရှုစစ်ဆေးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးနေမှု

# (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက်

(၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် အပြုသဘောမဆောင်သော သုံးသပ်ချက်များနှင့် တစ်ဖက်သတ်ဆန်ပြီး မျှတမှုမရှိသည့် ဆုံးဖြတ်ချက်များပါရှိသည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံက ကန့်ကွက်ကြောင်း စက်တင်ဘာလ ၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

(၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ မှတ်သားရသည်။

အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)ပါ "အခွင့်အရေးနှင့် တာဝန်ဝတ္တရား" မူနှင့်သွေဖည်လျက် မြန်မာနိုင်ငံ၏ အခွင့်အရေးဖြစ်သည့် တန်းတူရည်တူကိုယ်စားပြုမှုအား ငြင်းပယ်ခဲ့သဖြင့် (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်ခြင်းမပြုခဲ့ပါ။

အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ဖော်ပြပါထုတ်ပြန်ချက် (မူကြမ်း)အား မြန်မာနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မြန်မာနိုင်ငံ၏အမြင်နှင့် ရပ်တည်ချက်တို့ကို ထည့်သွင်းမဖော်ပြဘဲ လျစ်လျူရှုခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အပြုသဘောမဆောင်သည့် သုံးသပ်ချက်များနှင့် တစ်ဖက်သတ်ဆန်ပြီး မျှတမှုမရှိသည့် ဆုံးဖြတ်ချက်များပါရှိသည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက် အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ထပ်လောင်းအသိပေးအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်**

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **အာဆီယံပဋိညာဉ်စာတမ်းအပိုဒ် (၅) ပါ "အခွင့်အရေးနှင့် တာဝန်ဝတ္တရား" မူနှင့် သွေဖည်လျက် မြန်မာနိုင်ငံ၏ အခွင့်အရေးဖြစ်သည့် တန်းတူရည်တူကိုယ်စားပြုမှုအား ငြင်းပယ်ခဲ့သဖြင့် (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်ခြင်းမပြုခဲ့။**


- အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ဖော်ပြပါထုတ်ပြန်ချက် (မူကြမ်း)အား မြန်မာနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မြန်မာနိုင်ငံ၏အမြင်နှင့် ရပ်တည်ချက်တို့ကို ထည့်သွင်းမဖော်ပြဘဲ လျစ်လျူရှုခဲ့။
- အပြုသဘောမဆောင်သည့် သုံးသပ်ချက်များနှင့် တစ်ဖက်သတ်ဆန်ပြီး မျှတမှုမရှိသည့် ဆုံးဖြတ်ချက်များပါရှိသည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာ လေးစားလိုက်နာလျက် အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ထပ်လောင်းအသိပေးအပ်။

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vinay Kumar အား စက်တင်ဘာလ ၄ ရက်နှင့် ၅ ရက်တို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Vinay Kumar အား လက်ခံတွေ့ဆုံနေမှု**

- **ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း**နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး**နှင့်တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ**နှင့်တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ ပညာရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ပိုမိုနီးကပ်စွာ ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကောင်စစ်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနှင့်ကုလသမဂ္ဂအပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း**နှင့်တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းဆိုင်ရာကိစ္စနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည်အသွေးမြှင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ**နှင့်တွေ့ဆုံစဉ် Naypyitaw State Academy ၌ ဘာသာရပ်ခြောက်ခုတွင် ပါရဂူတန်းများ ဖွင့်လှစ်မည်ဖြစ်သောကြောင့် အိန္ဒိယ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံနေမှု

တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ တက္ကသိုလ်ငါးခုနှင့် အိန္ဒိယနိုင်ငံရှိ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး၊ Open University ကို အွန်လိုင်းဖြင့် ပို့ချပေးနိုင်မည့်အခြေအနေ၊ အိန္ဒိယပညာရေးဌာနများမှ အဆင့်မြင့်အရာရှိများနှင့် မြန်မာဘက်မှ ညွှန်ကြားရေးမှူးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် ချိတ်ဆက်ဆွေးနွေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်**နှင့်တွေ့ဆုံစဉ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေရေး အင်ဂျင်နီယာပညာတော်သင်များစေလွှတ်၍ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံနေမှု

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး "Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်





မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများကို အစိုးရအုပ်ချုပ်ရေးယန္တရားတွင် ပါဝင်သည့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအသီးသီးမှ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ "Consultative Work shop on Myanmar e-Governance Master Plan 2030 (မူကြမ်း)" အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာလ ၅ ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက-

- ယနေ့ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးသည် အုပ်ချုပ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသော ကဏ္ဍအသီးသီးတွင် Digital Transformation ကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံ၏ Digital Transformation ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် e-Government အား မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။
- ကမ္ဘာတစ်ဝန်း လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် Digital World၊ New Digital trends များနှင့်အတူ နောက်ကျကျန်ခြင်းမရှိဘဲ လိုက်ပါဆောင်ရွက်နိုင်ရန် ယခင် e- Governance Master Plan ကို ဖြည့်စွက်မွမ်းမံပြင်ဆင်ပြီး ယခု Myanmar e-Governance Master Plan 2030 ရေးဆွဲခြင်းခဲ့ခြင်းဖြစ်ကြောင်း။
- ယခုမူကြမ်းတွင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်မူဘောင်များကို ထည့်သွင်းရေးဆွဲထားပြီး ၂၀၃၀ ပြည့်နှစ်အထိ ကာလတို၊ ကာလရှည် အချိန်အပိုင်းအခြားအလိုက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ တည်ဆောက်သွားသင့်သော နည်းပညာအခြေခံအဆောက်အဦများ၊ ရေးဆွဲပြဋ္ဌာန်းသင့်သော ICT ဆိုင်ရာဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များကိုလည်း ပြည့်စုံစွာ ထည့်သွင်းထားကြောင်း။

- အဆိုပါလုပ်ငန်းအစီအမံများကို ထိရောက်အကျိုးရှိစွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉) ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအထောက်အပံ့ကောင်းဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော၊ ဆန်းသစ်တီထွင်မှုများနှင့် အားလုံးပါဝင်နိုင်သည့်အခြေအနေများကို လမ်းဖွင့်ပေးထားသော၊ နိုင်ငံတကာ/ အာဆီယံအသိုက်အဝန်းများနှင့်ပေါင်းစည်းသော Digital Economy ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ Chief Information Officer (CIO) များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများကို အစိုးရအုပ်ချုပ်ရေးယန္တရားတွင် ပါဝင်သည့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအသီးသီးမှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)" အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့။**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာမိုဟာမက်မွန်(န)ဝါဟူစိန်အား စက်တင်ဘာလ ၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်

နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှုအပါအဝင် အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့် တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက် ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေ သတွင်းနှင့် နိုင်ငံတကာရေးရာအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **တွေ့ဆုံစဉ် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှုအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက UNOCHA ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံနေမှု**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့ကို စက်တင်ဘာလ ၄ ရက်နှင့် ၅ ရက်တို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ**နှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနှင့် အရေး

ပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Under-Secretary-General Mr. Martin Griffiths ၏ ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နောက်ပိုင်း မြန်မာအစိုးရနှင့် ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း**နှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး Under Secretary General Mr. Martin Griffiths ၏ မြန်မာနိုင်ငံ ခရီးစဉ်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA တို့ အကြား သဘောတူညီမှုစာလွှာ (LoA) သက်တမ်းတိုးရေးကိစ္စ၊ ပြည်ဝင်ဗီဇာဆိုင်ရာကိစ္စ၊ ပြည်တွင်းခရီးသွားလာခွင့်ကိစ္စ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသင်းအဖွဲ့မှတ်ပုံတင်ရေးဆိုင်ရာကိစ္စတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံနေမှု**

- **ပြည်ထောင်စုဝန်ကြီးများ UNOCHA ၏ အကြီးအကဲနှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၏ မြန်မာနိုင်ငံခရီးစဉ်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် စက်တင်ဘာလ ၄ ရက်တွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စက်တင်ဘာလ ၅ ရက်တွင် လည်းကောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးအသီးသီး၏ ဧည့်ခန်းမဆောင်များ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**နှင့် တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။

- **စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**နှင့်တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**နှင့် တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ ဝင်/ထွက်သွားလာမှု စနစ်တကျဖြစ်စေရေးနှင့် တရားမဝင် ဝင်/ ထွက်သွားလာမှုမရှိစေရေး၊ နှစ်နိုင်ငံနယ်နိမိတ်အတွင်း လူကုန်ကူးခံရသည့် ထိုင်းနိုင်ငံသားများအား မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနယ်စပ်တွင် တရားမဝင်ဝင်ရောက်၍ အင်တာနက်လိုင်းများအသုံးပြုကာ Online ဂိမ်းများဖြင့် လိမ်လည်မှုများ ဆောင်ရွက်နေကြသူများအား ထိရောက်စွာ တားဆီးကာကွယ်နိုင်ရေးအတွက် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေ




**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

အနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**



**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

- **တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ - ထိုင်းနှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ ဝင်/ထွက်သွားလာမှု စနစ်တကျဖြစ်စေရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ




ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို စက်တင်ဘာလ ၅ ရက်တွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပခဲ့ပါသည်။

သဘောတူစာချုပ် ချုပ်ဆိုပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် စာတည်းမှူးချုပ်များ၊ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာ၌-

- ယခုကဲ့သို့ နိုင်ငံတကာအဆင့်အတန်းမီပြီး ဂုဏ်သိက္ခာရှိသည့် သတင်းအေဂျင်စီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာမီဒီယာသမားများအတွက် အားတစ်ခုဖြစ်စေပြီး သတင်းရေးသားတည်းဖြတ်မှုများ၊ ခေတ်ပုံရိုက်ကူးမှု နည်းပညာတို့ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်သလို စာနယ်ဇင်းအတတ်ပညာဆိုင်ရာများကို နှစ်ဖက်အပြန်အလှန်လေ့လာခွင့်ရမည်လည်းဖြစ်ကြောင်း။
- ညီရင်းအစ်ကိုတမျှဆက်ဆံရေးခိုင်မာလျက်ရှိပြီး ချစ်ကြည်ရင်းနှီးကြသည့် မြန်မာ-ရုရှားဆက်ဆံရေးကို အကြောင်းပြု၍ ယခုစာချုပ်ချုပ်ဆိုကြမည့် စာချုပ်ဝင်များက သတင်းပြန်ကြားရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာမှု၊ အားကစား၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ သတင်းများရေးသားတင်ပြနိုင်ရေး၊ သတင်းစီးဆင်းမှုပိုမိုသွက်လက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှု၊ ထပ်တူကျမှုတို့ရရှိစေရေးဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် စီမံဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေ့မှောက်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊

The Global New Light of Myanmar ၏ Board of Director ဥက္ကဋ္ဌ ဦးသက်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညွှန်ကြားရေးမှူး Mr. Vasily Pushkov တို့က သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပခဲ့။**
- **နိုင်ငံတကာအဆင့်အတန်းမီပြီး ဂုဏ်သိက္ခာရှိသည့် သတင်းအေဂျင်စီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာမီဒီယာသမားများအတွက် အားတစ်ခုဖြစ်စေပြီး သတင်းရေးသားတည်းဖြတ်မှုများနှင့် ဓာတ်ပုံရိုက်ကူးမှု နည်းပညာတို့ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်သလို စာနယ်ဇင်းအတတ်ပညာဆိုင်ရာများကို နှစ်ဖက်အပြန်အလှန် လေ့လာခွင့်ရမည်လည်းဖြစ်။**

## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ် စတင်ပျံသန်းခြင်း အခမ်းအနားကျင်းပ




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ်စတင်ပျံသန်းခြင်း အခမ်းအနားကို စက်တင်ဘာလ ၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကျင်းပခဲ့ရာ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်

ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Pavel Klapukov ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ Yangon Aerodrome Company Limited မှ CEO နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက–

- အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက စတင်ပျံသန်းသည့် လေကြောင်းခရီးစဉ်သစ်သည် မြန်မာနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုမှာ ပဓာနကျသည့် ရှေ့ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း။
- မြန်မာ-ရုရှား လေကြောင်းကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြား အဓိကကျသော ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမြင့်မားလာနိုင်ပြီး ကဏ္ဍအားလုံးတွင် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုများ ရှိလာနိုင်မည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန် - မန္တလေး - နိုဗိုဆီဘာရစ် ခရီးစဉ်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေဖြင့် ရန်ကုန်၊ မန္တလေးမြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ နိုဗိုဆီဘာရစ်မြို့အကြား တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် နှစ်ကြိမ် (အင်္ဂါနေ့နှင့် စနေနေ့) တို့တွင် ပုံမှန်ပျံသန်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက စတင်ပျံသန်းသည့် လေကြောင်းခရီးစဉ်သစ်သည် မြန်မာနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုမှာ ပဓာနကျသည့် ရှေ့ခြေလှမ်းသစ်တစ်ရပ်ဖြစ်။**
- **မြန်မာ-ရုရှား လေကြောင်းကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြား အဓိကကျသော ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမြင့်မားလာနိုင်ပြီး ကဏ္ဍအားလုံးတွင် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုများ ရှိလာနိုင်မည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်။**

## ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၄ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၊ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရား



ဥပဒေစိုးမိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၉-၂၀၂၃)**

- **တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီရှစ်ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဦးကိုကိုလွင်တို့သည် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော ကရင်ပြည်နယ်အခြေစိုက် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းပြည်နယ်အခြေစိုက် ခူမီးအမျိုးသားပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီးအခြေစိုက် ရှမ်းနီ(တိုင်းလျန်) သွေးစည်းညီညွတ်ရေးပါတီ၊ နာဂအမျိုးသားပါတီ၊ မွန်ပြည်နယ်အခြေစိုက် အမျိုးသမီးပါတီ(မွန်)၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီနှင့် ရှမ်းပြည်နယ်အခြေစိုက် “ဝ”အမျိုးသား ပါတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို စက်တင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခဲ့ပါသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်



ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် လာမည့်ရွေးကောက်ပွဲတွင် MEVM (Myanmar Electronic Voting Machine) စက်ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီရှစ်ပါတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော နိုင်ငံရေးပါတီရှစ်ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားများကို ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

- ဩဂုတ်လ ၃၀ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၃၀၇ ဦးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀၅ ဦးတို့ကလည်းကောင်း။
- ဩဂုတ်လ ၃၁ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၅၁၅ ဦးနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀၇ ဦးတို့ကလည်းကောင်း။
- စက်တင်ဘာလ ၁ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၆၈ ဦးတို့ကလည်းကောင်း။
- စက်တင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်း



ဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများကလည်း ကောင်း၊

- စက်တင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ် ၁၂၄ ဦးကလည်းကောင်း မြန်မာ အီလက်ထရွန်နစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်ဆန္ဒမဲပေးခဲ့။

အီလက်ထရွန်နစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မဲမသမာမှုများ မဖြစ်စေရန်နှင့် မဲပေးရာတွင် မြန်ဆန်လွယ်ကူခြင်း၊ အချိန်တိုအတွင်း တိကျသော မဲရလဒ်များ ရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပယ်မဲမရှိခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ရသည့် ကုန်ကျစရိတ်များ လျော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

Myanmar Electronic Voting Machine (MEVM) စက်ကို ရွေးကောက်ပွဲများတွင် အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိမည့်အပြင် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အခမ်းအနားများသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားများကို ဝန်ကြီးဌာန ၆ ခု၌ ကျင်းပပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ်များက မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်ဆန္ဒမဲပေးခဲ့။**

## မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ဩဂုတ်လအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ မက်ထရစ်တန်ချိန် ၅၅,၉၇၀ တန်၊ နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန်ချိန် ၄,၀၀၁ တန်၊ စုစုပေါင်း မက်ထရစ်တန်ချိန် ၅၉,၉၇၁ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ရရှိခဲ့။
- ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၃ ရက် အထိ ပို့ကုန်တန်ချိန် ၂,၄၅၆ တန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၇ သန်း၊ သွင်းကုန်တန်ချိန် ၂၀၁ တန်၊ ၄,၉၄၀ စည် (BBL)မှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၀၈ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၅ သန်းဖြစ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ စက်တင်ဘာလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာကုန်တင်သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှုအနေဖြင့် ဇန်နဝါရီလတွင် ၅၂ စင်း၊ ဖေဖော်ဝါရီလတွင် ၅၁ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် အစင်း ၅၀၊ မေလတွင် ၅၆ စင်း၊ ဇွန်လတွင် ၅၇ စင်း၊ ဇူလိုင်လတွင် ၅၃ စင်း၊ ဩဂုတ်လတွင် ၅၄ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှု ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၉-၂၀၂၃)**

- **ဩဂုတ်လအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအနေဖြင့် စုစုပေါင်း မက်ထရစ်တန်ချိန် ၅၉,၉၇၁ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ရရှိခဲ့။**
- **ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၅ သန်းဖြစ်။**
- **ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ စက်တင်ဘာလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည်ဖြစ်။**

# မူဆယ်မြို့ နယ်စပ်လူဝင်ထွက်ဂိတ်များမှ တရားဝင် ၇ ရက် နေထိုင်သွားလာခွင့် နှစ်နိုင်ငံဝင်ထွက်ကတ် (တစ်ခါသုံးကတ်) များဖြင့် စတင်ဝင်ထွက်သွားရောက်နိုင်



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်စပ်လူဝင်ထွက်ဂိတ်များနှင့် ကူးသန်းရောင်းဝယ်ရေးဂိတ်များကို ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် ၂၀၂၁ ခုနှစ် မတ်လကုန်ပိုင်းမှစ၍ နှစ်နိုင်ငံလူဝင်ထွက်နှင့် ကူးသန်းရောင်းဝယ်မှုတို့ကို ခေတ္တယာယီပိတ်ထားခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ ကူးသန်းရောင်းဝယ်ခြင်းနှင့် လူဝင်ထွက်ဂိတ်များ၌ နှစ်နိုင်ငံဝင်ထွက်စာအုပ်(BP)စာအုပ်များကို စတင်ပြုလုပ်ပေးခဲ့ကာ ဒေသခံပြည်သူများ ပြန်လည်ဝင်ထွက်သွားလာနိုင်ခဲ့ပြီး စက်တင်ဘာလ ၄ ရက်မှစ၍ မြန်မာနိုင်ငံ မည်သည့်ဒေသမှ ပြည်သူကိုမဆို ဝင်ထွက်သွားလာနိုင်သော တရားဝင်ခြောက်ညအိပ် ခုနစ်ရက် နေထိုင်သွားလာခွင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်ကတ်ပြား (TBP) တစ်ခါသုံးကတ်များကို စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံသားတိုင်း မိမိ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် (EID) မှန်ကန်ပါက တစ်ခါသုံး နှစ်နိုင်ငံ ဝင်/ထွက်ကတ်(TBP) များကို အဝင်အထွက်စာရွက်စာတမ်း ဝန်ဆောင်ခ မြန်မာကျပ်ငွေ ၁,၀၀၀ ကျပ်ဖြင့် နယ်စပ်လူဝင်/ထွက်ဂိတ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြုလုပ်ဆောင်ရွက်ပေးကာ တစ်ခါသုံးကတ်ဖြင့် နယ်စပ်ဂိတ်များမှ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၅-၉-၂၀၂၃)**

- **စက်တင်ဘာလ ၄ ရက်မှစ၍ မြန်မာနိုင်ငံ မည်သည့်ဒေသမှ ပြည်သူကိုမဆို ဝင်ထွက်သွားလာနိုင်သော တရားဝင်ခြောက်ညအိပ် ခုနစ်ရက် နေထိုင်သွားလာခွင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်ကတ်ပြား (TBP) တစ်ခါသုံးကတ်များကို မိမိ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် (EID) မှန်ကန်ပါက မြန်မာကျပ်ငွေ ၁,၀၀၀ ကျပ်ဖြင့် နယ်စပ်လူဝင်/ထွက် ဂိတ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ပေးလျက်ရှိ။**

# လျှပ်စစ်သုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ဆက်စပ်ပစ္စည်းများကို ဈေးကွက်အတွင်း တင်သွင်းဖြန့်ချိလျက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီပေါင်း ၃၂ ခုမှ လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးအစားများဖြစ်သည့် လူစီး ၊ Taxi ၊ Delivery ၊ Bus တို့ကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်အမျိုးအစားများဖြစ်သည့် Bicycle ၊ Tricycle နှင့် အားသွင်းစက် (EV Charger) မျိုးစုံတို့အား တင်သွင်းရန် ခွင့်ပြုထားပါသည်။

ထိုသို့ ခွင့်ပြုထားရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်အထိ ကုမ္ပဏီ ၁၇ ခုမှ စုစုပေါင်းမော်တော်ကား ၉၈၄ စီး၊ မော်တော်ဆိုင်ကယ် ၂,၆၀၈ စီးနှင့် အားသွင်းစက် ၃၅၆ ခုတို့ကို တင်သွင်းရောက်ရှိပြီး Charging Station အနေဖြင့်လည်း ၁၈ ခု ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီပေါင်း ၃၂ မှ လျှပ်စစ်သုံးမော်တော်ယာဉ် အမျိုးအစားများဖြစ်သည့် လူစီး ၊ Taxi ၊ Delivery ၊ Bus ၊ မော်တော်ဆိုင်ကယ် အမျိုးအစားများဖြစ်သည့် Bicycle ၊ Tricycle နှင့် အားသွင်းစက် (EV Charger) မျိုးစုံအား တင်သွင်းရန် ခွင့်ပြုထား။**
- **စက်တင်ဘာလ ၂ ရက်အထိ ကုမ္ပဏီ ၁၇ ခုမှ စုစုပေါင်းမော်တော်ကား ၉၈၄ စီး၊ မော်တော်ဆိုင်ကယ် ၂,၆၀၈ စီးနှင့် အားသွင်းစက် ၃၅၆ ခုတို့ကို တင်သွင်းရောက်ရှိပြီး Charging Station အနေဖြင့်လည်း ၁၈ ခု ဆောက်လုပ်ပြီးစီးပြီဖြစ်။**





လျှပ်စစ်သုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ တင်သွင်းရောက်ရှိမှု




လျှပ်စစ်သုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား အားသွင်းရန်အတွက် EV Charger များ တင်သွင်းထားရှိမှု

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



မန္တလေး-ရန်ကုန်အမှတ်(၆)အစုန် လူစီးအမြန်ရထား၏ စက်ခေါင်းမောင်းသည် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ဘူတာ၏ တောင်ဘက် (တော်ဝိဘူတာဘက်ခြမ်း)၌ စက်တင်ဘာလ ၅ ရက် နံနက် ၂ နာရီခွဲခန့်တွင် ပေါက်ကွဲသံကြားရသဖြင့် ပိန်းဇလုပ်ဘူတာအား နံနက် ၃ နာရီ ၂၃ မိနစ်တွင် ဖြတ်သန်းခဲ့ပြီး ဆက်လက်၍သတိပြုမောင်းနှင်လာရာ ပိန်းဇလုပ်ဘူတာ-တော်ဝိဘူတာအကြား၊ မိုင်တိုင် (၉၉/၈-၇)သို့ နံနက် ၃ နာရီ ၃၂ မိနစ်တွင် ရောက်ရှိစဉ် ရထားမီးရောင်အောက်၌ တံတားအမှတ်(BR-137)ပေါ်နှင့် ရထားလမ်းအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲထားသောကြောင့် သံလမ်းများပြတ်တောက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် စက်ခေါင်းမောင်းမှ ရထားအား အချိန်မီရပ်တန့်ပြီးနောက် ပိန်းဇလုပ်ဘူတာသို့ နောက်ပြန်ဆုတ်ခွာရပ်တန့်၍ လမ်းပိုင်းအား နံနက် ၄ နာရီ ၁၀ မိနစ်မှစ၍ ခေတ္တပိတ်ထားခဲ့ရပါသည်။

အဆိုပါဖြစ်စဉ်နေရာအားစစ်ဆေးရာ အကြမ်းဖက်သောင်းကျန်းသူများက မိုင်း (၂)လုံးဖောက်ခွဲခဲ့ခြင်းကြောင့် ရထားသံလမ်းပေ(၈၀)ခန့် ပြတ်တောက်တွန့်လိမ်သွားခြင်း၊ ကွန်ကရစ်ဇလီဖား(၁၄)တုံး ပျက်စီးခြင်း၊ (၁၀)ပေအရှည်ရှိ ကွန်ကရစ်တံတား ကြမ်းခင်း(၃)ပေ ပတ်လည်ခန့် ထိခိုက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့မီးရထားမှ ပျက်စီးမှုများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရထားခရီးစဉ်များအား ဆက်လက်စေလွှတ်ပေးနေပြီဖြစ်ပါသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ စက်တင်ဘာလ ၅ ရက်အထိ ရထားလမ်းကွန်ယက်တစ်ခုလုံးတွင် ရထားလမ်းများ၊ ဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း (၁၂၅) ကြိမ်၊ တံတားမိုင်းခွဲ ခြင်း(၄၅)ကြိမ်၊ ဘူတာနှင့် ဝန်ထမ်းနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် လုပ်ဆောင်ခဲ့ခြင်းကြောင့် ရထားလမ်းနှင့်တံတားများပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့်တွဲများ ထိခိုက်ပျက်စီးခြင်း၊ ကုန်စည်များပျက်စီးဆုံးရှုံးခြင်း၊ ခရီးသည်များ လမ်းခရီး၌ ကြန့်ကြာ၍ အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ကြရသဖြင့် ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ အဖျက်အမှောက်လုပ်ငန်းများကို တစ်စိုက်မတ်မတ် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်နေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များအပေါ် လွန်စွာစက်ဆုပ်ရွံရှာလျက်ရှိကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**



အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းတံတား ပျက်စီးနေမှု



အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းအား ပြန်လည်ပြုပြင်နေမှု

- ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ ရထားသံလမ်းပေ(၈၀)ခန့် ပြတ်တောက်တွန့်လိမ် သွားခြင်း၊ ကွန်ကရစ်ဇလီဖား(၁၄)တုံးပျက်စီးခြင်း၊ (၁၀)ပေအရှည်ရှိ ကွန်ကရစ်တံတားကြမ်းခင်း(၃)ပေ ပတ်လည်ခန့် ထိခိုက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့မီးရထားမှ ပျက်စီးမှုများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ပြီး ရထားခရီးစဉ်များအား ဆက်လက်စေလွှတ်ပေးနေပြီဖြစ်။

- **အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ စက်တင်ဘာလ ၅ ရက်အထိ ရထားလမ်းကွန်ယက်တစ်ခုလုံးတွင် ရထားလမ်းများ၊ ဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း(၁၂၅)ကြိမ်၊ တံတားမိုင်းခွဲခြင်း(၄၅)ကြိမ်၊ ဘူတာနှင့် ဝန်ထမ်းနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် လုပ်ဆောင်ခဲ့ခြင်းကြောင့် ရထားလမ်းနှင့်တံတားများပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့်တွဲများ ထိခိုက်ပျက်စီးခြင်း၊ ကုန်စည်များပျက်စီးဆုံးရှုံးခြင်း၊ ခရီးသည်များ လမ်းခရီး၌ ကြန့်ကြာ၍ အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရ။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၁ ဦး စုစုပေါင်း ၉ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်ထိ စုစုပေါင်း ၁,၆၉၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၉-၂၀၂၃)**

- **ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၁ ဦး စုစုပေါင်း ၉ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်ထိ စုစုပေါင်း ၁,၆၉၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**